mgyoe.com


သည်နောက် ဒေါ်သန်းရင်လည်း သမီးရီရီအား အသက်ကလေးငယ်ငယ်နှင့် မုဆိုးမဖြစ်ရရှာသည်ဆိုကာ ကရုဏာရှေ့ထား၍ ကြင်နာသော အမူအရာ ဖော်ပြသော်လည်း သမီးရီရီသည် မိခင်၏ကရုဏာကို ကောင်းစွာလက်မခံဘဲ 'ရှုပ်သည်' ဆိုသော အမူအရာမျိုးနှင့် ဖယ်ရှားလေ့ရှိသည်။ ပမာဆိုသော် ဒေါ်သန်းရင်က မိမိရီအား "ငါ့သမီးကလေးရဲ့" ဟုဆိုကာ ပွေ့ဖက်၍ ငိုကြွေးသည်ကို မိမိရီက "နေစမ်းပါမေမေရယ်" ဟုဆိုကာ မိခင်၏ရင်ခွင်ထဲမှ ရုန်းထွက်ကာ ထသွားလေသည်။ သို့ဖြစ်၍ မိခင် ဒေါ်သန်းရင်သည် မိမိ၏ကရုဏာကို လက်မခံသည့်အတွက် အံ့အားသင့်စွာနှင့် ငေးကြည့်နေရဖူးလေသည်။

ဤအတောအတွင်း ဝတ်လုံဦးကျော်ဒင်သည် ထိုင်ရာမှထလျက် မိမိကိုယ်၌ဝတ်ထားသော ကြေးနီရောင် ဘန်ကောက်တောင်ရှည်ကို မှန်ထဲတွင်ကြည့်လျက် ဦးခေါင်း၌ ပေါင်းထားသော ခရမ်းရောင်ပဝါနှင့် 'လိုက်' ပါ၏လောဟု သမီးအကြီး မိမိကြည်အား ထင်မြင်ချက်တောင်းရာ မိမိကြည်က "လိုက်ပါတယ်ဖေဖေ၊ သိပ်ကြည့်ကောင်းတာပဲ" ဟု ထောက်ခံချက်ပေးသော်လည်း မိမိရီကမူ သားအဖနှစ်ယောက် အပြန်အလှန် ပြောကြသောစကားများကို စိတ်မဝင်စားသော မျက်နှာထားဖြင့် နားထောင်လျက်ရှိသည်။

ဝတ်လုံတော်ရ ဦးကျော်ဒင်ကား ဝတ်လုံများအနက်တွင် လူရိုးကြီးတစ်ယောက်ဟူ၍ နာမည်ရသူဖြစ်လေသည်။ ဘိလပ်ပြန် ဝတ်လုံတော်ဖြစ်သော်လည်း ဆံပင်ကို အရှည်ထား၍ ကျယ်ဝန်းသော နဖူးပြင်အထက်၌ သျှောင်ကလေးထုံးကာ ပဝါကို ခွေထိုးပေါင်းလျက် ရွှေမျက်မှန်အထက်မှ လှမ်းကြည့်လိုက်သည်တွင် မတရားသက်သေများသည် ဖိန့်ဖိန့်တုန်မျှ ကြောက်လန့်ကြ၍ ရှေ့နောက်မညီညွတ်သော အစစ်ခံချက်များကို ထွက်ဆိုမိကြလေသည်။

mgyoe.com

mgyoe.com


ခင်ခင်ညွှန့်ပြောလိုက်တဲ့ စကားတစ်ခွန်းနဲ့ပတ်သက်လို့ ရီ့ကို မေးစရာရှိတယ်''

မိမိကြည်မှာ အစိတ်ပြည့်၍ အပျိုဖြစ်လာသည့် အချိန်မှစ၍ ကြက်တောင်ရိုက်ခြင်း စသည့် မြန်မာမိန်းမ မပီသဟု ထိုခေတ်က ဆိုကြသည့် ကစားခြင်းများ၊ ဘိုင်စကယ်စီးခြင်းများ စသည်တို့ကို ဗိုလ်ကပြားမလေးများနှင့်အတူ ပြုလုပ်လေ့ရှိလေသည်။ မိခင် ဒေါ်သန်းရင်က ''ဣန္ဒြေမရပါဘူးသမီးရယ်'' ဟုပြောသော်လည်း မျှော်လင့်ချက်မရှိသော အပျိုဟိုင်းများထုံးစံအတိုင်း ဣန္ဒြေရခြင်း၊ မိန်းမပီသခြင်း စသည်တို့နှင့်ပတ်သက်၍ သူတစ်ပါးကဲ့ရဲ့မည်ကို အလျှင်းပမာမပြု ဂရုမစိုက်ဘဲ လွတ်လပ်စွာ ဗိုလ်ဆန်ဆန်နေတတ်လေသည်။ *ဒေါက်ကပ်ထားသောခေတ်က မိမိကြည်သည် ကျုံးထိပ်တန်းလမ်းတွင် ကပြားမလေးများနှင့်အတူ ဒေါက်ကပ်ပင် မောင်းခဲ့ဖူးလေသည်။

ရီ ။ ။ ''ကြက်တောင်ရိုက်ကြတော့ ခင်ခင်ညွှန့်ကို ကြည်က နိုင်ခဲ့လို့လား''

ခင်ခင်ညွှန့်မှာ အရှေ့နယ်ပိုင်ဝန်ထောက် ဦးအာယု၏ သမီးဖြစ်၍ မိမိကြည်လို ဗိုလ်ဆန်သူဖြစ်၏။

ကြည် ။ ။ ''နိုင်တာမနိုင်တာ ပြောချင်လို့ မဟုတ်ပါဘူး။ ရီ့အကြောင်းကို သူပြောလိုက်တာ ရီ သိစေချင်လို့ပါ''

ဤတွင် မိမိရီသည် မြက်ထဲ၌ ကစားနေသော သမီးကလေး ညွှန့်ညွှန့်ကို ပြတင်းပေါက်မှ မြင်လိုက်သည်နှင့်...

ရီ ။ ။ ''သမီးကလေးကို ကော်ဖီတိုက်ရစ်ဖို့ မိထူးကို မှာထားပြီးပြီလား မေမေ''

ရင် ။ ။ ''မှာခဲ့ပါပြီ။ ဒါထက် ခင်ခင်ညွှန့်က ဘာပြောလိုက်

---

* dog - cart = အမိုးအရှင်ပါသော နှစ်ဘီးတပ်မြင်းရထား။

mgyoe.com

mgyoe.com


နောက်များမှ ပြောကြပါစို့"

ဦးသာဒင်သည် ပြတင်းပေါက်သို့သွား၍ အပြင်သို့ မျှော်ကြည့်ပြီးမှ တစ်ဖန် ပြန်လာပြီးလျှင် မျက်မှန်ကို အိတ်မှထုတ်ကာ လက်ကိုင်ပဝါဖြင့် ပွတ်တိုက်သော်လည်း မျက်နှာသို့မတပ်ဘဲ အိတ်ထဲသို့ပင် ပြန်ထည့်ထားလိုက်၏။ မိမိရီသည် ဖခင်၏မျက်နှာကို လှမ်းကြည့်စဉ် ၄င်း၏ မျက်နှာထားမှာ ဝမ်းနည်းခြင်း အလျှင်းမရှိဘဲ သုန်မှုန်လျက်သာရှိ၏။ ဦးသာဒင်သည် မိမိရီကိုပြန်ကြည့်၍ သမီး၏မျက်နှာထားကို မကျေနပ်သော်လည်း မိမိရီအား မည်သို့မျှမပြောဘဲ မိုးတိုးမတ်တတ်ရပ်နေသော မိမိကြည်အား "ဟဲ့... သမီး၊ ထိုင်စရာကုလားထိုင် မရှိလို့လား" ဟု ပြောလိုက်သဖြင့် မိမိကြည်လည်း မိခင်အနီးရှိ ဆိုဖာပေါ်၌ ထိုင်လေ၏။ ဤတွင် ဦးသာဒင်သည် မိမိရီ၏ ရှေ့တည့်တည့်သို့ သွား၍ရပ်ကာ-

ဒင် ။ ။ "မောင်ဘဦးသေတာဟာ ဖျားလို့သေခြင်းဖြစ်တယ်လို့ ဘာကြောင့် လိမ်ပြောတယ်ဆိုတာကို ငါနားလည်တယ်။ သို့သော် ဒီလို လိမ်ခြင်းဟာ မှားတယ်။ ဒါမျိုးကို ဖုံးလို့မရဘူး။ တစ်နေ့နေ့မှာ ပေါ်ပေါက်ရမှာပဲ။ ကိုင်း... ဒီတော့ လွန်ပြီးတာကို အသာထားပြီး အဖြစ်အပျက်ကို ဟုတ်တိုင်းမှန်ရာ ပြောပြစမ်းပါဦး သမီးရယ်"

မိမိရီသည် ချက်ချင်း ပြန်မပြောသေးဘဲ အတန်ကြာ စဉ်းစားနေပြီးမှ "ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောတော့လည်း ဖေဖေတို့ စိတ်ချမ်းသာစရာ မဟုတ်ပါဘူး"

ဤတွင် ဒေါ်သန်းရင်နှင့် မိမိကြည်တို့ကလည်း မည်သည့်နည်းမဆို မိမိရီအတွက် ကြင်နာကြရမည်ဖြစ်သောကြောင့် ပြောသာပြောပါဟု တိုက်တွန်းကြလေသည်။ မိမိရီက သားအဖသုံးယောက်တို့အား လှမ်းကြည့်လိုက်သော မျက်နှာထားမှာ စိမ်းကားသော အမူအရာရှိသည်ဟု အားလုံးကပင် ထင်မိကြသည်။

mgyoe.com

mgyoe.com

အရောတဝင် စကားပြောလျက်ရှိ၏။ မိမိရီ တက်သွားသည်ကို မြင်သည်နှင့်တစ်ပြိုင်နက် ရုံးသားများသည် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြလေရာ မိမိရီသည် ခန်းဝမှရပ်လျက် "ကိုကို ဘာလုပ်နေသလဲလို့ လာကြည့်တယ်" ဟု ပြောလိုက်၏။ ကိုဘဦးသည် သားမယားကိုအလေးပြုသောနေရာတွင် ဗိုလ်ဆန်သူတစ်ယောက်ဖြစ်သည့်အတိုင်း ထိုင်ရာမှထကာ "ရီလားဟေ့…၊ လာကွယ် ထိုင်ပါဦးလား။ ကိုကို အလုပ်များလွန်းလို့ကွယ်" ဟုပြောသော်လည်း ယိုင်တိုင်တိုင် ဖြစ်သွားသည်ကို မိမိရီ မြင်လိုက်ရသည်။

**ရီ ။ ။ "ကိုကို အရက်သောက်ပြီး မူးနေတယ်ပေါ့လေ"**

ဦး ။ ။ "**သောက်မိတာတော့ မှန်**ပါတယ်ကွယ်။ မူးတယ်ဆိုတာတော့ မဟုတ်ရပါကလားရီရယ်"

မိမိရီသည် ဝမ်းထဲ၌ရှိသမျှ ဖော်ထုတ်ကာ ကလော်တုတ်လိုက်မည်ဟု စိတ်ကူးပြီးမှ မပြောရက်သည်နှင့် ကုလားထိုင်ပေါ်တွင်ထိုင်၍ ငိုတော့သည်။ ကိုဘဦးသည် မိမိရီငိုသည်ကို အတန်ကြာအောင် ငေးကြည့်နေပြီးမှ ဝီစကီပုလင်းကို စားပွဲပေါ်မှယူ၍ ရုံးပြင်သို့ လွှင့်ပစ်လိုက်ပြီးလျှင်-

ဦး ။ ။ "ကိုကိုမှားပါပြီရီရယ်။ နောက်တစ်ခါ မသောက်တော့ပါဘူး။ ယောဒိငှက်ဖျားကြောင့် ပြန်သောက်မိတာပါကွယ်" ဟု ကတိပေးလေသည်။

ရီ ။ ။ "နောက်တစ်ခါ မသောက်တော့ပါဘူးလို့ ကိုကို သစ္စာပြုမလား"

ဦး ။ ။ "သစ္စာပြုပါတယ်ရီရယ်။ ဒီဟာဆိုရင် တစ်ခါတည်း ရှုံးပြီး မုန်းသွားပါပြီ"

ဤတွင် မိမိရီက မိမိ၌ ပဋိသန္ဓေရှိနေပြီဖြစ်ကြောင်း ပြောပြရာ

mgyoe.com

mgyoe.com


ကိုဘဦးက ''ဟာ... ဒီလိုဆို နေရာကျတာပေါ့ကွယ်။ မွေးလာမယ့် သားကလေးလား၊ သမီးကလေးလား သူ့မျက်နှာကိုထောက်ပြီး ကိုကို မသောက်တော့ပါဘူးကွယ်''

ဤတွင် မိမိရီမှာ ဝမ်းသာ၍မဆုံးအောင် ရှိတော့သည်။

သားဖွားသောအချိန်တွင် မိမိရီသည် ကင်းတပ်မြို့သို့သွား၍ ကိစ္စ ပြီးစီးသဖြင့် ဆရာမတစ်ယောက်နှင့်အတူ ဟုမ္မလင်းသို့ ပြန်လာသော အခါ ကိုဘဦးသည် ဆိပ်ကမ်းမှ ကြိုဆိုလျက်ရှိ၏။ သင်္ဘောဆိုက်ကပ် သောအခါ၌ ကိုဘဦးသည် မြို့အုပ်ကလေးနှင့် စကားပြောလျက်ရှိရာ မိမိရီမှာ လင်ယောကျ်ားအတွက် စိတ်မချနိုင်သည်နှင့် သင်္ဘောပေါ်မှ လှမ်းကြည့်လိုက်သည်တွင် ကိုဘဦး၏ ခြေဟန်လက်ဟန်ကို မြင်ခြင်း အားဖြင့် အရက်သောက်ထားပြန်သည်ဟု သိရလေသည်။

မိမိရီသည် အထက်ပါ အကြောင်းအရာများကို မိခင်ဖခင်နှင့် အစ်မများအား ပြောလျက်ရှိစဉ် ''ဘာမှမပြောနဲ့တော့မေမေ၊ ကျွန်မဖြင့် ကိုဘဦး မူးနေတာမြင်မြင်ချင်း ပွေ့ထားတဲ့ကလေးကို ရေထဲလွှတ်ပစ်ပြီး ကိုယ်ပါ ခုန်ချလိုက်ချင်တော့တာပဲ'' ဟု ပြောလေသည်။

ကြည် ။ ။ ''ပြီးတော့ကော ဘာဖြစ်ကြသေးသလဲ''

**ရီ ။ ။ ''အိမ်ရောက်တော့ ရီက ဆူတာပေါ့လေ၊ ဆူပေမဲ့ သိပ်ဂရုမစိုက်ပါဘူး။ ဖွတ်လုပ်တော့တာပဲမမရယ်''**

ကြည် ။ ။ ''ဒီလိုဆို သူ့ပစ်ထားခဲ့ပြီး ပြန်လာခဲ့ရောပေါ့ ညီမ ရယ်''

ရီ ။ ။ ''ဒီလိုဆိုတော့လည်း မလွယ်ဘူးမမရဲ့၊ ပစ်ရမှာလည်း အဆီနဲ့ရဲရဲဆိုတဲ့ စကားပုံလို ဖြစ်နေတာပဲ။ မူးတဲ့အခါတော့သာ မူးတာ၊ မမူးတဲ့အခါကျတော့လည်း သူ့လိုယောကျ်ား ရှားရှားပါပဲ မမရယ်။ သားမယားကို သိပ်ကြင်နာတာပဲ။ ပြီးတော့ ကိုယ့်သဘောနဲ့ကိုယ်ယူပြီး

mgyoe.com

mgyoe.com


ကို ဆွဲဆောင့်၊ နားနားမှာ ကပ်ပြီးအော်၊ ဖိုက်ပြင်ကြီးဆွဲလိမ်၊ အမျိုးမျိုး လုပ်တာတောင်မှ ဝူးဝါးဝူးဝါးလောက်သာလုပ်ပြီး စကားမေးမရတော့ဘူး မေမေရဲ့"

ကြည် ။ ။ "ဖြစ်မှဖြစ်ရပလေညီမရယ်၊ ကြည့်လိုသာဆိုရင် သူ့ဟာသူ ပစ်ထားလိုက်ပြီး အမူးပြေတော့မှ ပြောစရာရှိတာ ပြောရော ပေါ့ကွယ်"

ရင် ။ ။ "ကျွန်မကတော့ ဒီလို ဟုတ်ရိုးလားလေ၊ တစ်ကိုယ်လုံး သွေးပွက်ပွက်ဆူပြီး ခေါင်ငင်လို့မရတော့ ထရုံကို လှမ်းကြည့်လိုက်ရာမှာ ဂေါ်ရခါးဓားကောက်ကြီးချိတ်ထားတာ မြင်လိုက်ရတာလောက်သာ သတိရပြီး နောက်တစ်ခဏမှာ ကိုဘဦးလည်ပင်းက သွေးတွေ ဝေါက် ဝေါက် ပန်းထွက်နေတော့တာကိုး မေမေရဲ့"

ကြည် ။ ။ (ထိုင်ရာမှထခုန်လျက်) "မြတ်စွာဘုရားရေ၊ ဘယ် နှယ်ပြောလိုက်တာလဲရီရယ်" ဟုမေးရာ မိခင်ဒေါ်သန်းရင်မှာမူ စကား ပင်မပြောနိုင်ဘဲ ပါးစပ်ကိုဖြဲကာ မျက်လုံးပြူးလျက် ကြည့်နေတော့သည်။

ရီ ။ ။ "ဓားကောက်ကြီးလည်း အိပ်ရာပေါ်ရောက် လည်ပင်း ကို သွေးတွေ ဝေါက်ဝေါက်ပန်းနေတုန်းမှာ ကိုဘဦးက မျက်လုံးဖွင့် ကြည့်လိုက်တာ တကယ့်ကို သမီးကလေးရဲ့ မျက်လုံးပါပဲမေမေ"

ဒင် ။ ။ "ဟဲ့ မိမိရီ ဘယ့်နှယ်ပြောတာလဲဟဲ့၊ ဒီလောက်မူး နေတဲ့လူတစ်ယောက်က သူ့ဟာသူသတ်သေလို့ ဖြစ်နိုင်ပါ့မလားဟယ်"

မိမိရီလည်း ဆက်လက်၍မပြောဘဲ ကြောင်တောင်ငေးလျက် ရှိသည်တွင် မိမိကြည်သည် ညီမ၏လက်ကို ကိုင်လှုပ်လျက် "ဘယ်လို လုပ်လိုက်လို့ ဘယ့်နှယ်ဖြစ်သွားတာလဲ၊ ပြောစမ်းပါဦး ရီရဲ့"

ရီ ။ ။ (ကိုင်ထားသောလက်ကို ရုန်းဖယ်လျက်) "ထရုံမှာချိတ် ထားတဲ့ဓားက အိပ်ရာပေါ်ရောက်နေပြီး ကိုဘဦးက ပါးစပ်တစ်ချက်

mgyoe.com

mgyoe.com


ခိုတတ်ကြလေသည်။ ဦးသာဖံသည် အရာရှိများ တည်းခိုခြင်းအတွက် အားရဝမ်းမြောက်၍ လက်ဝဲလက်ယာဘက်ရှိ မြေကွက်များကို ဝယ်ယူပြီးလျှင် မာလီကုလားနှစ်ယောက်ထား၍ ဥယျာဉ်ကြီးဖြစ်အောင် ပြုစုထားသဖြင့် တကယ်လှပသာယာသောအိမ်ဝင်းကြီး ဖြစ်လာတော့သည်။ အခြားမြို့မှ ရောက်လာသော ဧည့်သည်များသည် ဦးသာဖံအိမ်ကြီးကို မြင်ကြ၍ အရေးပိုင်၏ အိမ်ကြီးလော၊ သစ်တောဝန်၏ အိမ်ကြီးလောဟု မေးကြသည်ဆိုလျှင် ဦးသာဖံ ကျေနပ်၍ ခန်းဆီးအသစ်အဆန်းများ ထပ်မံမှာယူ ဆင်ပြင်တော့လေသည်။

ဦးသာဖံသည် အိမ်သစ်ကြီး ဆောက်လုပ်ပြီးကတည်းက အိမ်ထောင်အသစ်ပြုရန် အကြံရှိသော်လည်း စီးပွားတက်သဖြင့် ဘဝမြင့်သည်အလျောက် 'အထက်လှမ်း' လွန်းသဖြင့် ဈေးမတည့်ဘဲ 'အကြိုက်မရ အရမကြိုက်' ဆိုဘိသကဲ့သို့ ဖြစ်နေတော့သည်။ ကသာမြို့သို့ ပြောင်းရွှေ့လာသော အရေးပိုင်တစ်ယောက်နှင့် ဘီအေသင်နေသော သမီးချောကလေးတစ်ယောက် ပါလာရာ ဦးသာဖံသည် ထိုသူငယ်မကျမှ တန်းတန်းစွဲ ကြိုက်နေတော့သည်။ သူငယ်မကလည်း ရုပ်ချော၊ ပညာတတ်၍ ခေတ်ဆန်သူဖြစ်သောကြောင့် ဦးသာဖံ၏ စီးပွားမှုလောက်ကို ဂရုမစိုက်ချေ။

ကသာမြို့၌ လူသတ်မှုကြီးတစ်ခုဖြစ်၍ ရန်ကုန်မြို့မှ အထူးတလည် မှာရမ်းခေါ်ယူသော မိန်းမဝတ်လုံတစ်ယောက်ကိုလည်း ဦးသာဖံ မျက်စိကျဖူး၏။ ၎င်းမှာလည်း ဈေးမတည့်ဘဲ လွဲရလေတော့သည်။ ဤတွင် ဦးသာဖံသည် သားစိတ်မယားစိတ်ကုန်သည်ဆို၍ မိမိ၏နေအိမ်၌ ရေဒီယို၊ ဂရာမာဖုံး၊ ပီယာနို စသော ကိရိယာများထားကာ အဆိုသမား၊ အတီးသမားများဖိတ်ခေါ်၍ တစ်နည်းတစ်ဖုံ ပျော်ပျော်ကြီး နေလေတော့သည်။

mgyoe.com

mgyoe.com


မထွန်းမယ်သည် မောင်တင်ဦးအား အပျိုစင်ဖြစ်ပါသည်ဟု လှည့်ဖြားလိမ်လည်၍ မပြော၊ အောက်သူဖြစ်၍ အောက်ရွာ၌ အိမ်ထောင်ကျပြီး လင်ယောက်ျားသေဆုံးသည့် မုဆိုးမဖြစ်ပါသည်ဟု အမှန်အတိုင်းပြောပြလေသည်။ ထူးဆန်းသော အခြင်းအရာမှာ မထွန်းမယ်၏ ပထမယောက်ျားသည်လည်း ကိုတင်ဦးအမည်ပင်ဖြစ်၍ မောင်တင်ဦးထက် မိမိက ၁၀ နှစ်တိတိကြီးသည့်နည်းတူ ပထမယောက်ျား ကိုတင်ဦးက မိမိထက် ၁၀ နှစ်တိတိကြီးသည်ဟူ၍လည်း ဖော်ထုတ်ပြောဆိုလေသည်။

မထွန်းမယ်က မောင်တင်ဦးအား မိမိ၏အဖြစ်အပျက်ကို ရိုးသားစွာ ဖော်ထုတ်ပြောပြသည့်နည်းတူ မောင်တင်ဦးကလည်း မထွန်းမယ်အား မိမိ မသိနားမလည်ခြင်းတည်းဟူသော အခြင်းအရာကို ရိုးသားစွာ ဖွင့်ဟပြောပြ၏။ အမှန်မှာ မောင်တင်ဦးက ဖွင့်မပြောလျှင်လည်း မထွန်းမယ်က ဖွင့်ထားသောစာအုပ်ကို ဖတ်ရခြင်းကဲ့သို့ မောင်တင်ဦးကို လွယ်ကူစွာ အကဲခတ်နိုင်မည်သာ ဖြစ်လေသည်။ မောင်တင်ဦးသည် ဖခင်၏ သစ်လုပ်ငန်းကို အမွေဆက်ခံရသော်လည်း အလုပ်ကို ဘာမျှ နားမလည်၊ ဦးလေးတစ်ယောက်က စီမံခြယ်လှယ်လျက် ရှိခြင်းကိုပါ ဖော်ထုတ်ပြောပြလေသည်။

လက်မထပ်မီအချိန်၌ မောင်တင်ဦးက စီးပွားရေးအခြေအနေအကြောင်း ပြောပြသည့်အခါ မထွန်းမယ်သည် ငွေကို ဂရုမစိုက်၊ လူကိုစုံမက်၍ ချစ်ကြိုက်ခြင်းဖြစ်သည့် အနေမျိုးဖြင့် နားရှိ၍သာ ကြားရသည်၊ မိမိကား ငွေရေးကြေးရေးကို လုံးဝ အရေးမလုပ်လေဟန် အမှတ်မဲ့သာ နားထောင်လေသည်။ သို့ရာတွင် လက်ထပ်ပြီး၍ ရက်သတ္တတစ်ပတ်မပြည့်မီ၌ပင် မထွန်းမယ်သည် ရွှေတိုငွေစ အတွင်းပစ္စည်းအကြောင်းနှင့် သစ်လုပ်ငန်းအခြေအနေကို ခရေစေ့တွင်းကျ စစ်ဆေးလေတော့သည်။ စာရင်းအင်းအလုပ်၌ မွတ်ပြီးသော မိန်းမတစ်ယောက်ဖြစ်သည့်

mgyoe.com

